# ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျော့ချရေးလုပ်ငန်း

# အစီရင်ခံစာ

**နိဒါန်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် စိုက်ပျိုးရေးကိုအခြေခံသော နိုင်ငံတော်ဖြစ်ပြီး နိုင်ငံတော်၏ စီးပွားရေးဖွံ့ ဖြိုးတိုးတက်မှုသည် စိုက်ပျိုးရေးလုပ်ငန်းအပေါ် အခြေခံသကဲ့သို့ သားငါးကဏ္ဍသည်လည်း အရေးပါသော အခန်းကဏ္ဍတွင် ပါဝင်လျက်ရှိပါသည်။ အထူးသဖြင့် နိုင်ငံတော်၏ ထုတ်လုပ်မှုကဏ္ဍကြီး (၈)ရပ်တွင် စိုက်ပျိုးရေးကဏ္ဍနှင့် စက်မှုကဏ္ဍပြီးလျှင် သားငါးကဏ္ဍသည် တတိယနေရာတွင် ရပ်တည်လျက်ရှိပါသည်။ ထို့ အပြင် ကျေးလက်နေပြည်သူလူထု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် မွေးမြူရေးနှင့် သားငါးကုန်ထုတ်လုပ်မှုကဏ္ဍဖွံ့ ဖြိုးတိုးတက်ရေးသည် အရေးကြီးသော ကဏ္ဍတစ်ရပ်ဖြစ်ပါသည်။ နိုင်ငံတော်မှလည်း ကျေးလက်ဒေသဖွံ့ ဖြိုးရေးနှင့်ဆင်းရဲနွမ်းပါးမှုလျော့ချရေး ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများဖွဲ့ စည်းပြီးကျယ်ကျယ်ပြန့် ပြန့် ဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မတီ၏ လုပ်ငန်းတာဝန်များကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် သက်ဆိုင်ရာ လုပ်ငန်းအလိုက် သီးသန့် တာဝန်ပေးအပ်၍ ဆပ်ကော်မတီများဖွဲ့ စည်းစေပြီး အထောက်အကူပြုဆောင်ရွက်သွားရန် နိုင်ငံတော်မှလည်း ညွှန်ကြားထားပြီးဖြစ်ပါသည်။ ကျေးလက်ဒေသဖွံ့ ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျော့ချရေးလုပ်ငန်းစဉ် အတွက် ကျေးလက်ဒေသနေပြည်သူလူထု၏ စီးပွားရေးဖွံ့ ဖြိုးတိုးတက်ရန် တစ်ပိုင်တစ်နိုင်မွေးမြူခြင်း၊ ပေါင်းစည်းလယ်ယာ များဖော်ဆောင်ခြင်း၊ မွေးမြူရေးအစုအဖွဲ့ များ ဖွဲ့ စည်းဆောင်ရွက်ခြင်းတို့ ကို အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် မွေးမြူရေးနှင့် သားငါး ကုန်ထုတ်လုပ်မှုကဏ္ဍဖွံ့ ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီကို (၆-၇-၂၀၁၁) ရက်နေ့ တွင် ကျင်းပပြုလုပ်သော မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၊ အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးအမှတ်စဉ် ( ၁၇/ ၂၀၁၁) ဆုံးဖြတ်ချက်အရ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးမှ ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဒုတိယဝန်ကြီး မှ ဒုတိယဥက္ကဋ္ဌ အဖြစ်လည်းကောင်း ဦးဆောင်၍ ဖွဲ့ စည်းထားရှိပြီး အဖွဲ့ ဝင်များအဖြစ် ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးတို့ ကို နေပြည်တော်ကောင်စီနယ်မြေ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက် အောက်ပါအတိုင်း တာဝန်ခွဲဝေ၍ ဆောင်ရွက်စေခဲ့ပါသည် -

| စဉ် | ရာထူး၊ ဌာန | တာဝန်ပေးအပ်သည့် ပြည်နယ်/ တိုင်းဒေသကြီး |
|---|---|---|
| (က) | ညွှန်ကြားရေးမှူးချုပ်<br>မွေးမြူရေးနှင့်ရေလုပ်ငန်းညွှန်ကြားမှုဦးစီးဌာန | ရန်ကုန်တိုင်းဒေသကြီး |
| (ခ) | ညွှန်ကြားရေးမှူးချုပ်<br>မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | နေပြည်တော်ကောင်စီနယ်မြေ၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်း ဒေသကြီး ၊ ပဲခူးတိုင်းဒေသကြီး ၊ မကွေးတိုင်း ဒေသကြီး |
| (ဂ) | ညွှန်ကြားရေးမှူးချုပ်<br>ငါးလုပ်ငန်းဦးစီးဌာန | ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီ တိုင်းဒေသကြီး |
| (ဃ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မွေးမြူရေး၊အစားအစာနှင့်နို့ ထွက်ပစ္စည်းလုပ်ငန်း | ရှမ်းပြည်နယ်၊ ကယားပြည်နယ် |
| (င) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ပျားလုပ်ငန်းဌာန | ကချင်ပြည်နယ် |

**အထွေထွေတင်ပြချက်**

၁။ မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုကဏ္ဍဖွံ့ ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ ဥက္ကဋ္ဌ၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းသည် ၂၀၁၁ခုနှစ်၊ စက်တင်ဘာလ(၁၉)ရက်နေ့ တွင်မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနမှ တာဝန်ရှိသူများ လိုက်ပါလျက် ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့ နယ်ရှိ ဗဟိုစံပြငါးဈေးကြီးသို့ သွားရောက်၍ ငါးဒိုင်ကိုယ်စားလှယ်အဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ ဝင်များ၊ ရန်ကုန်မြို့ တော်စည်ပင်သာယာရေးကော်မတီ ဈေးများဌာနမှ တာဝန်ရှိသူများနှင့်တွေ့ ဆုံ၍ လက်ကားရောင်းဝယ်မှု အခြေအနေများ ဆွေးနွေးပြီး၊ စံပြငါးဈေးကြီးရှိ ငါးတင် / ငါးချ ဆိပ်ခံတံတားနှင့် ဗဟိုစံပြငါးဈေးကြီးအား လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ပါသည်။ ထို့ မှတဆင့်ပြည်ထောင်စုဝန်ကြီးသည် ကမာရွတ်မြို့ နယ်၊ ဘုရင့်နောင်လမ်းရှိ ရွှေစင်ယော်ဟိန်း ငါးလေလံဈေးနှင့် ငါးတင်/ငါးချဆိပ်ခံတံတားသို့ လည်းကောင်း၊ လှိုင်သာယာမြို့ နယ်၊ စက်မှုဇုန်(၄) မြဝတီမင်းကြီးလမ်းရှိ Great International Fisheries Ltd အအေးခန်းစက်ရုံသို့ လည်းကောင်း၊ရွှေယမုံ ငါး/ပုစွန် ပြုပြင်ထုတ်လုပ်ရေး အအေးခန်းစက်ရုံသို့ လည်းကောင်း သွားရောက်ပြီး ငါးပုစွန်လေလံတင်နေမှု အခြေအနေများနှင့် ငါးပုစွန်ပြုပြင်ထုတ်လုပ်မှု အဆင့်ဆင့်နှင့် ပြုပြင်အေးခဲထားမှု အခြေအနေအားလည်းကောင်း၊ စက်ရုံတွင် အသုံးပြုသည့် ရေသန့် စနစ်အခြေအနေအားလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ပါသည်။

၂။ ၂၀၁၁ခုနှစ်၊ စက်တင်ဘာလ (၁၉)ရက်နေ့ တွင် ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းသည် တာဝန်ရှိသူများလိုက်ပါလျက် ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့ နယ်၊ဘုရင့်နောင်လမ်းရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ ချုပ်ရုံး၊သီရိအဏ္ဏဝါခန်းမဆောင်တွင် ကျင်းပပြုလုပ်သည့် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ ချုပ် အောက်ရှိ အသင်းအဖွဲ့ များနှင့်တွေ့ ဆုံညှိနှိုင်းဆွေးနွေးပွဲသို့တက်ရောက်ပြီး သားငါးကဏ္ဍဆိုင်ရာ နိုင်ငံတော်၏ ရည်ရွယ်ဆောင်ရွက်နေမှု အခြေအနေများနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းစဉ်များတွင် မွေးမြူရေးနှင့်ရေလုပ်ငန်း အခန်းကဏ္ဍအရေးပါမှု အခြေအနေများအား ရှင်းလင်းပြောကြားပါသည်။

၃။ ပြည်ထောင်စုဝန်ကြီးသည် ၂၀၁၁ခုနှစ်၊ စက်တင်ဘာလ(၂၅)ရက်နေ့ တွင်မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည့် နို့ စားနွားမွေးမြူရေးနှင့် နို့ ထွက်ပစ္စည်းထုတ်လုပ်မှုဖွံ့ ဖြိုးတိုးတက်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ပြီး နို့ စားနွားမွေးမြူရေးနှင့် နို့ ထွက်ပစ္စည်းဖွံ့ ဖြိုးတိုးတက်ရန် ပြည်ပမှ နို့ ဆီ၊ နို့ မှုန့် များနှစ်စဉ်တင်သွင်းနေရမှုကို ပြည်တွင်း၌ သွင်းကုန်အစားထိုး ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများတိုးချဲ့ ရန်၊နိုင်ငံတော်သမ္မတကြီးမှ အထူးအလေးထားအားပေးလျက်ရှိသဖြင့် အသင်းအဖွဲ့ များနှင့် လုပ်ငန်းရှင်များက မိမိတို့ ရှိပြီး အတွေ့ အကြုံများအပေါ် တိုးချဲ့ ရင်းနှီးမြှုပ်နှံလုပ်ကိုင်ရန်လိုအပ်ကြောင်းနှင့် ကျေးလက်အစုအဖွဲ့ များ ဖွဲ့ စည်းချိတ်ဆက်အားပေးပံ့ပိုးကူညီမည့် အခြေအနေများကို ရှင်းလင်းပြောကြားပါသည်။

၄။ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ၂၀၁၁ခုနှစ်၊ အောက်တိုဘာလ (၂)ရက်နေ့ တွင် ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့ နယ် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ ချုပ်ရုံး၊ ချမ်းမြေ့ရတနာခန်းမဆောင်တွင် ကျင်းပသည့် သားငါးမွေးမြူထုတ်လုပ်မှုကဏ္ဍဖွံ့ ဖြိုးတိုးတက်ရေး ညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်ပြီး သားငါးမွေးမြူထုတ်လုပ်မှု တိုးတက်ရေးနှင့် ဈေးကွက်ခိုင်မာရေး အစီအမံများအား ရှင်းလင်းပြောကြားပါသည်။ ထို့ နောက် ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့ နယ်၊ဆားမလောက်ကျေးရွာရှိ ငါးလုပ်ငန်းဦးစီးဌာန၊ ရေ၊ မြေ အရည်အသွေးတိုင်းတာစစ်ဆေးရေးနှင့် ငါးပုစွန်ရောဂါရှာဖွေရေး ဓါတ်ခွဲခန်း အစည်းအဝေးခန်းမ၌ ညောင်တုန်းမြို့ နယ်၊မအူပင်မြို့ နယ်နှင့် ပန်းတနော်မြို့ နယ်များမှ မွေးမြူရေးလုပ်ငန်းနှင့် ရေလုပ်ငန်းအစုအဖွဲ့ များ၏ အဖွဲ့ ငယ်ခေါင်းဆောင်များနှင့်တွေ့ ဆုံ၍ကုန်ထုတ်လုပ်မှုတိုးတက်၍ ထုတ်လုပ်မှုစရိတ်လျှော့ချနိုင်မှု အခြေအနေ၊ ကျေးလက်ဒေသဖွံ့ ဖြိုးရေးနှင့်ဆင်းရဲနွမ်းပါးမှုလျှော့ချရေး အကောင်အထည်ဖော်မှု အစီအစဉ်များ စဉ်ဆက်မပြတ်ဆက်လက်ဆောင်ရွက်သွားရမည့် အခြေအနေများအား ရှင်းလင်းပြောကြားပါသည်။

၅။ မွေးမြူရေးနှင့်သားငါးကုန်ထုတ်လုပ်မှုကဏ္ဍဖွံ့ ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဒုတိယဥက္ကဋ္ဌ၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးခင်မောင်အေးသည် ၂၀၁၁ခုနှစ်၊ စက်တင်ဘာလ (၂)ရက်နေ့ တွင် ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့ နယ်ရှိ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ရုံးချုပ်တွင် ကျင်းပသည့် အသားကဏ္ဍတိုးတက်ထုတ်လုပ်ရေး ဆွေးနွေးပွဲသို့ တက်ရောက်၍ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ ချုပ်နှင့် ကျေးလက်ဒေသဖွံ့ ဖြိုးရေးတွင် မွေးမြူသူများဝင်ငွေတိုးရေးအတွက် အညာဒေသ ဆိတ်မွေးမြူရေးအစုအဖွဲ့ များ ဖွဲ့ စည်းရန်နှင့် အသားပို့ ကုန်လုပ်ငန်းရှင်များမှ မွေးဖက်ပေးလုပ်ငန်းနှင့် ချေးငွေလုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်ပေးရေးအတွက် ရှင်းလင်းဆွေးနွေးမှာကြားခဲ့ပါသည်။

၆။ ၂၀၁၁ခုနှစ်၊ စက်တင်ဘာလ (၁၀)ရက်နေ့ တွင် ဒုတိယဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့ နယ်၊ ညောင်ကိုင်းကျေးရွာ၊ တောမကျေးရွာ၊ ဖလံကျင်းကျေးရွာတို့ သို့ သွားရောက်၍ နွား မွေးမြူသူများနှင့်တွေ့ ဆုံ၍ နို့ စားနွားမွေးမြူရေးအစုအဖွဲ့ များဖွဲ့ စည်းရေး၊ မိတ္ထီလာမြို့ နယ်၊ အင်းမ ကျေးရွာနှင့် ဇရပ်ကုန်းကျေးရွာ၊ ကျောက်ပန်းတောင်းမြို့ နယ်၊ ဈေးကုန်းအုပ်စု၊ မြိုင်သာယာကျေးရွာ တို့ သို့သွားရောက်၍ ဆိတ်မွေးမြူသူများနှင့်တွေ့ ဆုံပြီး ဆိတ်မွေးမြူရေးအစုအဖွဲ့ များဖွဲ့ စည်းရေးတို့ ကို ဆောင်ရွက်သွားရန်နှင့် ကျေးလက်ဒေသဖွံ့ ဖြိုးတိုးတက်ရေးကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးမှာကြား ခဲ့ပါသည်။

၇။ ၂၀၁၁ခုနှစ်၊ စက်တင်ဘာလ(၁၆)ရက်နေ့ တွင် ဒုတိယဝန်ကြီးသည် ရှမ်းပြည်နယ်၊ အောင်ပန်း၊ တောင်ကြီး၊ ရပ်စောက်မြို့နယ်များသို့ သွားရောက်၍ ဒေသနွားမွေးမြူသူများနှင့်တွေ့ ဆုံပြီးနွားမွေးမြူ သူအစုအဖွဲ့ များဖွဲ့ စည်းရေးကိုရှင်းလင်းဆွေးနွေးမှာကြားခဲ့ပါသည်။

၈။ ၂၀၁၁ခုနှစ်၊ စက်တင်ဘာလ(၁၇)ရက်နေ့ တွင် ဒုတိယဝန်ကြီးသည် ရှမ်းပြည်နယ်၊ အင်း တိုင်းရင်းသားရေးရာဝန်ကြီး ဦးဝင်းမြင့်နှင့်အတူ ညောင်ရွှေမြို့ ငါးလုပ်ငန်းစခန်းသို့ ရောက်ရှိပြီး အင်းလေးကန်အနီးတဝိုက် ရေနစ်မြုပ်ခံရသော ငါးမွေးမြူရေးလုပ်ငန်းရှင်များအား ငါးသားပေါက်များ ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး၊ ရေနစ်မြုပ်ခံရသော ငါးမွေးမြူရေးလုပ်ငန်းရှင်များသို့ ငါးသားပေါက်များ လွှဲပြောင်းပေးအပ်ခဲ့ပါသည်။

၉။ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၊ မြန်မာ့မွေးမြူရေးနှင့်ရေလုပ်ငန်းဖွံ့ ဖြိုးရေးဘဏ် အနေဖြင့် နိုင်ငံတော်၏ သားငါးကဏ္ဍဖွံ့ ဖြိုးတိုးတက်ရေးအတွက် ပြည်နယ် နှင့် တိုင်းဒေသကြီးများရှိ မွေးမြူရေးနှင့် ရေလုပ်ငန်းလုပ်ကိုင်သူ လုပ်ငန်းရှင်များအား ချေးငွေထုတ်ပေးထားရှိမှုအခြေအနေကို နောက်ဆက်တွဲဖြင့် ဖော်ပြအပ်ပါသည်။



**ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းသည် (၁၉-၉-၂၀၁၁) ရက်နေ့ တွင်စံပြငါးဈေးကြီးရှိ ငါးတင် / ငါးချ ဆိပ်ခံတံတားနှင့် ဗဟိုစံပြငါးဈေးကြီးအား လှည့်လည်ကြည့်ရှုစစ်ဆေးခြင်း**








**လှိုင်သာယာမြို့ နယ်စက်မှုဇုန်(၄) မြဝတီမင်းကြီးလမ်းရှိ Great International Fisheries Ltd အအေးခန်းစက်ရုံနှင့် ရွှေယမုံ ငါး/ပုစွန် ပြုပြင်ထုတ်လုပ်ရေး အအေးခန်း စက်ရုံများသို့ သွားရောက်ကြည့်ရှုစစ်ဆေးခြင်း**








ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းသည် ( ၂-၁၀-၂၀၁၁) ရက်နေ့ တွင် တွံတေးမြို့ နယ်ငါးလုပ်ငန်းအဖွဲ့ ချုပ်ရုံးတွင်ငါးမွေးမြူရေးလုပ်ငန်းရှင်များနှင့် တွေ့ ဆုံဆွေးနွေးခြင်း






ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းသည် ( ၂-၁၀-၂၀၁၁) ရက်နေ့ ဖျောင်တုန်းမြို့နယ်
ဆားမလောက်ကျေးရွာ ငါးလုပ်ငန်းဦးစီးဌာနရုံးခန်းမ၌
ညောင်တုန်းမြို့နယ်၊ မအူပင်မြို့နယ်နှင့်ပန်းတနော်မြို့နယ်များမှ
မွေးမြူရေးလုပ်ငန်းနှင့် ရေလုပ်ငန်းအစုအဖွဲ့ များနှင့်
တွေ့ဆုံဆွေးနွေးခြင်း



**မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန**

**နို့ နှင့်နို့ ထွက်ပစ္စည်းထုတ်လုပ်မှု ဖြိုးတိုးတက်ရေးအလုပ်ရုံဆွေးနွေးပွဲ**

**မှတ်တမ်းဓါတ်ပုံများ**






## မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့ နယ်နှင့် ကျောက်ပန်းတောင်းမြို့ နယ်များရှိ စားနွားမွေးမြူရေးအစုအဖွဲ့ များဆိတ်မွေးမြူရေးအစုအဖွဲ့ များနှင့် တွေ့ ဆုံဆွေးနွေးခြင်း







**နိဂုံး**

၁၀။ ပြည်နယ်နှင့်တိုင်းဒေသကြီးများအလိုက် တာဝန်ပေးအပ်ထားသော မွေးမြူရေးနှင့်သားငါး ကုန်ထုတ် လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ အဖွဲ့ဝင်များသည် မိမိတာဝန် ယူထားသည့် ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါး မှုလျှော့ချမှုလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ၂၀၁၁ခုနှစ်၊ ဩဂုတ်လနှင့် စက်တင်ဘာလများအတွင်း တိုးတက်မှုများရှိသကဲ့သို့ ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်တည်တံ့ ခိုင်မြဲစေရေး အတွက် ဆက်လက် ဆောင်ရွက်မည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။